ဖိတ်ဆက်

ဤစာအုပ်၌ ဘီစီ ၆ ရာစုမစကာ အေဒီ ၂၇၀ ပလိတိုးနဝ်ကွယ်လွန်သည့် အချိန်အထိ နစ်ပေါင်း ၉၀၀ ခန့်အတွင်း ပေါ်ထွက်ခဲ့သော ဗီလိုဆိုဖာများ အကြောင်း ဖော်ပြရန် ရည်ရွယ်ပါသည်။ အနောက်တိုင်းဖိလိုဆိုဗီသည် ငယ်စဉ် တောင်ငယူး လူလားမမြောက်သေးသည့်အရွယ်မှ ကြီးပြင်းသည်အထိ အသိ ဉာဏ်ကိုမွန်မြိုးစေသော လှလ်ရာမှတစ်ရင်အနေဖြင့် မိမိဘာသာရင်ဝတည်ဖိနိသည် အထိ ဖြစ်ပေါ်တိုးတက်ခဲ့ပါသည်။ အဓိက အကိုင်းအခက်များ ထွက်လာပြီး သစ်ပင်ကြီးအဖြစ် ဝေဝေဆာဆာမို့ပြီးနိုင်ခဲ့သလိုပင် ဘာသာရင်ကလ္ဘာ အသီး သီး၌ အဓိကကျသောဓာတုပုံများကို ဤကာလအတွင်း ရေးသားပြီးစီးခဲ့ပါသည်။ စာအုပ်ပေါင်းများစွာက အရေကြီးသော အကြောင်းအရာများကို စာမျက်နှာ အသီးသီးဖြင့် ဖော်ပြခဲ့ကြရာ ဤမိတ်ဆက်တွင် ထိုတိုးတက်မှုများကို မြှင့်၍ တင်ပြရန် ရည်ရွယ်ပါသည်။

ဗီလိုဆိုဗီဟူသော စကားသည် Philo(love), sophy(wisdom) ဆင်ခြင်ဉာဏ်ကို ချစ်မြတ်နိုးခြင်းဟု ဆိုသည်။ ကျွန်တော်တို့၏ ရဝိတည်မှု၏ ပဟာသုဝတ၊ တန်ခိုး။ အကြောင်းပြချက်၊ စိတ်နှင့်ဘာသစကားတို့၏ အခြေခံ မေးခွန်းများကို အဖြေပေးသည်။ ၄င်းသည် လူပဒုဏ္ဍ အစစ်အမှန်တည်ရှိခြင်း၏ အကြောင်း။ ကျွန်တော်တို့ နားလည်နိုင်ဝန်း၏ အကန့်အသတ်၊ လူ့ဆန့်သော သဘော လူ့ကျင့်ဝတ်ဆိုင်ရာ ရည်ကမ်းများကို နားလည်မှု ရှိစေသည်။

ဗီလိုဆိုဗီတွင် အကြမ်းအားဖြင့် အပိုင်းကြီး၃ပါဝင်ပြီး ၄င်းတို့မှာ (၁) Metaphysics ခေါ် ကျွန်ပ်တို့၏ ရဝိတည်မှုနှင့်တည်ရှိမှု (၂) Epistemology ကျွန်ပ်တို့၏ယုံကြည်မှုနှင့်ပဟာသုဝတ (၃) Ethics လူ့ကျင့်ဝတ် (၄) Logic ဆင်ခြင်မှု၊ အကြောင်းပြချက် Reason နှင့် ပြင်းပုံမှ (၅) Aesthetics အနုပညာနှင့် အလှအပတို့ ဖြစ်ကြပါသည်။

အချို့ကလည်း ဗီလိုဆိုဗီကို ဘဝနေနည်းအဖြစ် ယူဆချ သူ့သဘော

သဘာဝအတိုင်း နေထိုင်ရန် ကြိုးစားခဲ့ကြရာ အထိုက်အလျောက် အောင်မြင်ခဲ့ကြပါသည်။ ဆိုကရေးတီးက ဝတ်ရဲ၍ သူ့ဖျတ်ထားသောစည်းမျဉ်စည်းကမ်း များကို လိုက်နာခြင်းဖြစ်ပါသည်။

မြေထဲပင်ငယ်အာရှေ့ဘက်ကမ်းခြေ ယနေ့ခေတ်တူရကီနိုင်ငံရှိရာ နေရာကိုယခင်ကအိုင်အိုနီးယဟိုနေထိုင်ခဲ့ကြသည်။ မြို့တော်မှာ ခိုင်ကေးတပ် Miletus ဖြို့ဖြစ်ပြီး ဗီလိုဆိုဗာ အများအပြားပေါ်ပေါက်ခဲ့ရာ ၄င်းတို့ကို ခိုင်ကေ ရှမ်ဟုလည်း ခေါ်သည်။

အိုင်အိုနီးယား(Ionia)မှ သီအိုရီသမားများသည် တွေးတောစရာ ရှိသည်များကို ၆ ရာစုမှ စတင်လျှောင် ခေါ်ခဲ့ပြီး ၄င်းကိုယ်တိုင်က ဗီလိုဆိုဗီ၏ သမိုင်းဖြစ်လာပါသည်။ ပထမဆုံး ဗီလိုဆိုဗီသမိုင်းကို ရေးသားသူ အရွယ်တပါက သေးငယ်စီကို ဗီလိုဆိုဗီကို ထုတ်တင်သူအဖြစ် ဖော်ပြခဲ့သည်။ ထိုစဉ်က ဗီလိုဆိုဗီမှာ လက်ရှိကမ္ဘာ၏အခြေခံစည်းမျဉ်းများကို လေ့လာခြင်းဖြစ်ပါသည်။ သူ့တို့အတွေးအခေါ်များတွင် ဟိုမာနင့်ဟီစီရော(Hesiod)တို့၏ ဂရိနက် ဘုရားကို တိုင်တည်သော ကဗျာများ(orphic poem)က ကြီးစိုးနေပါသည်။ အီဂျစ်နှင့်အရှေ့အလယ်ပိုင်းမှ ဘုရားသခင်ဟုလည်း ဆိုနိုင်ပါသည်။ ကမ္ဘာ့ကြီး ကိုမွေ့ည်းရာတွင် မြေ၊ ရေ၊ မီးတို့မြင့် ဖွဲ့ဝင်းသည်။ ဥပမာ သေးလီစ်က စကြဝဠာ၏ကြီး၏ အခြေခံအရာမှာ ရေဖြစ်သည်ဟု ဆိုသည်။ အိုင်အိုနီးယပ်ဖွဲ့၏ စကြဝဠာကြီးအကြောင်း တွေးခေါ်ချက်များသည် လူတို့၏ အသိဉာဏ် ဖြစ်ပေါ်တိုးတက်မှုများအတွက် အရေကြီးသည်။ အစပထမတွင် သူတို့၏ တွေးခေါ် ချက်များ၌ တိုင်တနန့်နှင့် မွန်စတာများ(monster) ပါဝင်လေ့ရှိသော်လည်း သူတို့၏ပုံကြိုလ်ရေးကြောင်းအရာများကိုချန်လှပ်၍ အခြေခံ မြေ၊ ရေ၊ လေ စသော အကြောင်းအရာများဖြင့် ရှင်းပြနိုင် ကြိုးစားခဲ့ကြပါသည်။ အရာဝတ္ထု အားလုံး၏ အခြေခံစွည်းမှာ ရေဖြစ်ရကြောင်း ရေ၏အပူဒဏ်နှင့်အရ ပြောင်းလဲ နေပုံ ရေ၊ ရေနွေးငွေ့ဖြစ်ပုံတို့ကို အရွေ့တိုတယ်ကင် သေးငယ်စီ၏ သီအိုရီအဖြစ် ဖော်ပြခဲ့ပါသည်။ အနာဆီမန်းဒါးက ကမ္ဘာကြီးပြိုပ်သက်ရှာတည်ရှိနိုင်ဝဲ့ဂို ရှင်းပြ နိုင်ရန် (apeiron) ဟူသောအရာနှင့် သဘာဝနိယာမတရားဖြစ်ပေါ်ပုံကို ဖော်ပြ ခဲ့သည်။ ၄င်းသည် အတိုင်းအဆမမှိုကြီးမားပြီး ထာဝရတည်သည့် သဘာဝ ကြီးကို ကြီးစိုးနေသည်ဟု အနာဆီမန်းဒါးက ဖော်ပြခဲ့သည်။

အိုင်အိုနီးယပ်ဖွဲ့၏ စကြဝဠာတည်ဆောက်ဝေရေးမှာ သူတို့၏ ဗီလိုဆိုဗီ တိုးတက်ရေးတွင် ပါဝင်လာခဲ့သည်။ ဇီနိုဖိန်း(Xenophanes)က နတ်

ဘုရားများသည် အချင်းချင်းမကျေနပ်ရာမှ ခေတ်ကာလတိုးတက်ရသည် ဆိုသော အယူအဆကို လက်မခံကြောင်းရေးခဲ့သည်။ သူအတွေးအခေါ်များမှာ အနာစာရိရပ်၊ အရွေတိုတယ်နှင့်စတိုးရစ်များအပေါ်လွှမ်းမိုးခဲ့သည်။ ဗီလိုဆိုဗီကို ခရစ်ယာန်တို့ အယူဝါဒဖြစ်အောင် ပလေတိုး၏လုပ်ဆောင်ချက်များမှာလည်း သတိပြုဖွယ်ဖြစ်သည်။

အိုင်အိုနီးယပ်တို့၏ ဝေလှသည် ၆ ရာစုအကုန်လောက် ပိုင်သရိုရပ်နှင့် ဟေရာကလိုက်တပ်တို့ ခေတ်ဝယ် ပိုမိုရှေ့ ပြည့်ဝလာခဲ့သည်။ ပိုင်သရိုရပ်က မိမိကိယ်ကို အဓိကထားပြီး စဉ်းစားသော စနစ်ကြောင့် ဦးတည်ရာ အသစ်ကို တွေ့ရှိခဲ့သည်ဟု အရွတ်တယ်ကဆိုပါသည်။ ပလေတိုးနှောင်းခေတ် ဗီလို ဆိုဗာများအပေါ်တွင် လွှမ်းမိုးခဲ့သော ပိုင်သရိုရပ်၏ အယူအဆမှာ လူတို့၏ အပြုအမူမှာသည် သရဲကနည်းအရ ဖော်ပြုကလာများကစီးမိုးနေပါသည်ဟူ၍ ဖြစ်ပါသည်။ အစပိုင်းတွင် မသိသာသော်လည်း ဤအယူအဆက ကြီးစွာ လွှမ်းမိုးခဲ့ပါသည်။ ပိုင်သရိုရပ်၏ အခြားအရေကြီးသော အယူအဆများတွင် လူတို့၏ ပီညာဉ်သည် ထိုသရဲကသဘောကပင် စိုးမိုးစေပြီး ကမ္ဘာကြီးကို အသိ ဉာဏ်ရှိသည့် အသွင်သို့ပြောင်းပေးခဲ့ပါသည်။

ဟေရာကလိုက်တပ်ကတော့ သူ၏ အိုင်အိုနီးယဟခြေခံအတွေးအခေါ်ကို လက်မလွှတ်နိုင်ဘဲ ပိုင်သရိုရပ်၏ သရဲ၃ သဘောပါသော အတွေးအခေါ်များ လည်း ပေါင်းဘဲ သဘာဝကြီးတည်ဆောက်ထားပုံကို နားလည်လိုလသော် မိမိတို့ အသိဉာဏ်ထက် တွေ့ကြုံရသော အတွေအကြုံအသေပျက်ဘည့်ဆိုသော ဆုံးဖြတ်ရ မည်ဟု ယူဆခဲ့သည်။ သူက ပီညာဉ်ဆိုသည်ကိုလည်း စိတ်ဝင်စားပြီး ၄င်းသည် ပြင်ပကမ္ဘာကြီးနှင့်ဆက်စပ်မှုရှိရမည်ဟု ဆိုသည်။ သီအိုရီနှင့် လက်တွေ့သိရှိ မှုများကို ပေါင်းစပ်ပေးရန် လိုအပ်ပြီး ဘာသာစကားနှင့်လက်တွေ့ရှိချက်များ အရေကြီးပုံကို ဖော်ထုတ်ခဲ့သည်။ ထိုဆက်စပ်မှုသည် ပလေတိုးနှင့် အပေါ်းပါ တို့ကိုလည်း လွှမ်းမိုးခဲ့ပါသည်။ အရွတ်တိုတယ်နှင့် နှောင်းလူတို့အပေါ်မှာလည်း လွှမ်းမိုးခဲ့ပါသည်။

သို့သော် ဝါးရာစုအတွင်း ထွက်ပေါ်လာသော ဗီလိုဆိုဗာများတွင် နောင်းလူများကို အလွှမ်းမိုးနိုင်ဆုံး ဟိုလင်ပန်ဝီးများ ပါမင်းနီးတီးနှင့် ဆိုကရေးတီ တို့ဖြစ်ပါသည်။ သူတို့သည် ဗီလိုဆိုဗီကို ပုံစံတစ်မျိုးဖြစ်အောင် ပြောင်းလဲခဲ့ကြ သည့်အပြင် နောက်လူများကို တိုက်ရိုက်မဟုတ်သည့်တိုင် ကြီးကြီးမားမား လွှမ်းမိုးခဲ့ကြသည်။ အိုင်အိုနီးယ ဗီလိုဆိုဗီနှင့်တကွ ဗဟုသုတများ၏ အခြေခံ

အမြစ် အတွေးအခေါ်အဖြစ်များပြောင်းလဲခဲ့သည်။ လက်တွေ့(empirical) ဝါဒနှင့် အမှန်မြင်ဝါဒ(realism) တို့အကြား ဆက်စပ်မှုမှာ အစဉ်အဆက် ဗီလိုဆိုဗာများအကြားတွင် ဆွေးနွေးစရာများဖြစ်လာခဲ့သည်။

ပါမင်းနီးတီးက အင်ပီရိကလီး အနာစာရိရပ်နှင့် အက်တမ်ပါဒီများ၏ စကြဝဠာသီအိုရီကို လက်ခံရန်ဝန်လေးခဲ့ပြီး သူ့သီအိုရီ(monism)ကို ပလေတို က ထောက်ခံခဲ့သည်။ သူ့လောကျစ်ကို တန်ပြန်သည့် အနေဖြင့် ပလေတိုက သူ့အယူအဆများကို အများလက်သင့်ခံလာအောင်တင်ပြခဲ့သည်။ ဆိုကရေးတီး၏ ယနေ့ခေတ် ဗီလိုဆိုဖာများကိုလွှမ်းမိုးနိုင်မှုမှာ အတိုင်းအဆမရှိပါ။ သူသာ မရှိခဲ့လျှင် သူသာ အေသင်သားတို့၏ အဆုံးစီရင်ခြင်းကိုမခံရလျှင် ပလေတိုး၏ ဗိုလ်ယာလေ့မများလည်း ပေါ်ပေါက်မိမှာပါ။ ပလေတိုသာ ဗီလိုဆိုဖာ မမြဲခဲ့လျှင် သူ့လက်ထောက်အကယ်ဒီမတွင် ပညာသင်ကြားခဲ့သော အရွယ်တိုတယ်သည် လည်း ဗီလိုဆိုဖာ မမြဲနိုင်ပါ။ ဤနည်းဖြင့် ဆိုကရေးတီး၏ ရှေးဦးဗီလိုဆိုဗီ အပေါ်တွင် သြဇာတန်ခိုးကြီးမားပုံကို စဉ်းစားကြည့်နိုင်သည်။

ဆိုကရေးတီး၏ ဗီလိုဆိုဗီတွင် အဓိကအားဖြင့် အပိုင်းကြီးနှစ်ပိုင်း ပါဝင်ပါသည်။ ပထမလူတို့၏ အပြုအမူများနှင့် ပတ်သက်ပါသည်။ သူ့အယူ အဆကို ပြောကြတွင် အချိုအချဲမေးခွန်းထုတ်၍ ပြောခြဲခဲ့ပါသည်။ ၄င်းသည် ရှင်ပိုင်းဆိုင်ရာ မှန်းဆချက်များမပါဝင်ပါ။ ဒုတိယ ထိုအပြုအမူများနှင့် ပတ်သက် ၍ လူ့ဘောင်ကြီးအတွင်းအသုံးပြုနိုင်ရန် မေးခွန်းများကို မိစိမစ်စစ် မေးမြန်းသည့် သဘောကိုတွေ့မြင်ရပါသည်။ ပလေတိုက ethic ကို ဗီလိုဆိုဗီ၏ အစ်တ် အုပ်ပီး ဖြစ်အောင် ကြိုးစားခဲ့ပါသည်။ ဆိုကရေးတီးက သူ၏ရည်းစားများကို အသုံးပြု၍ သူ၏အပေါင်းအသင်း ဗိတ်ဆွေများကို လွှမ်းမိုးခဲ့သည်။

ဆိုဖစ်များ၏ လှပ်ရှားမှုမှာလည်း အလွန်များများမြောင်၍ အကြောင်း ပေါင်းစုံလင်လှပါသည်။ ပညာရေး နိုင်ငံရေး စီးပွားရေးအိုင်ရာနှင့် ဘက်ပေါင်း စုံမှ ဖြည့်ကျင်းတိုးတက်လာသော အေသင်တို့၏ လူမှုစနစ်တွင် အသိဉာဏ်၏ အခန်းကဏ္ဍက အရေးပါခဲ့ပါသည်။ ထိုလူ့ဓနမှုစနစ်ကတောင်းဆိုသော ပညာ ရေးစနစ် ပေါ်ပေါက်လာသည်။ ၄င်းတို့အထဲတွင် အရေးပါဆုံးမှာ ဂေါ်ဂီယာနှင့် ပရိတာဂိုရပ်တို့နှစ်ဦးဖြစ်သည်။

ဗီလိုဆိုဗီသမိုင်းတွင် အခြားအရေကြီးသော အကြောင်းအရာတစ်ရပ်မှာ သံသယပါဒီတို့၏ အခန်းကဏ္ဍ ဖြစ်သည်။ ဗီလိုဆိုဗီဖြစ်ပေါ်တိုးတက်မှုကို ဖော်ပြလျှင် သူတို့၏ သမိုင်းကိုလည်း ချန်လှပ်၍မရနိုင်ပေ။ ထိုသံသယပါဒီတို့၏

ရင်းမြစ်သည် ဆိုကရေးတီးပင်ဖြစ်သည်။ သူသည် လူတို့၏ရင်တည်မှုကို သံသယ ဖျက်လုံးဖြင့် ကြည့်သည်။ ပလေတိုး၏စာများတွင်လည်း သံသယအရိပ် အငွေ့ များပါဝင်ခဲ့ပြီး သူ့အကယ်ဒီမမှ ထွက်သမျှလူတို့ကိုလည်း ဤဖါဒသဘော တရားကို သင်ကြားပေးသည်။

မိမိကိယ်ကို သံသယပါဒီဟု ထုတ်ဖော်ပြောကြားသူမှာ ပိုင်ရှိ (Pyrrho of Elis) (ဘီစီ ၃၆–၂၇၀) ဖြစ်သည်။ သူက ဆုံးဖြတ်ချက် မချနေခြင်း (suspension of judgement သဘောတရားကို စတင် ချမှတ်ခဲ့သူဖြစ်သည်။ သူ့ဝါဒသည် တီမွန်(Timon) မှအဆုံးမြင့် အကယ်ဒီမကို ဆက်ခံသူ အဆက် အက်မှရပ်တည်ခဲ့ကြသည်မှာ အေဒီ ၃ ရာစုသို့ရောက်သည်အထိ အမြစ်တွယ် ခဲ့ပါသည်။

ထိုနောက် ပလေတိုး၏ ကျောင်းမှ အတွေးအခေါ်များကို ပြန်လည်၍ အစဆက်ပြသူမှာ Neoplatonism ဝါဒကိုသရုတ်ဆင့်ခဲ့သူ ပလိုတီးနင်းဖြစ်သည်။ ပလေတိုး၏ အယူအဆများကို အဓိကအယူအဆများ၊ မဟုတ်ယင်းဧဝေါ အသွင် ပြောင်းလဲလေပေါ့။ နီရိုပလေတိုနစ်စင်ဟူ၍ အယူဝါဒတစ်ခုပေါ်ပေါက်ခဲ့သည်။ သူ အယူဝါဒကို ဂိုပရီ(ဘီစီ ၃၀၅–၂၄၆)နှင့် ဩဂတ်စတင်း(ဘီစီ ၄၃၀–၃၅၇)တို့က အဆင့်ဆင့် သယ်ဆောင်၍ လက်ဆင့်ကမ်းခဲ့ကြသည်။ ၄င်းတို့ အဓိက လွှမ်းမိုးခဲ့သည်မှာ ခရစ်ယာန်ဝါဒဖြစ်ပြီး အရွယ်နှင့်ကျူးတို့ဝါဒ ဗိုလနဆန် ခေတ် လူသားတို့အပေါ် များစွာလွှမ်းမိုးခဲ့ပါသည်။

Ref: From the Beginning to Plato by C.C.W Taylor

■

မာတိကာ

၁။	ဖိတ်ဆက်	၅
၂။	သေးလီးစ်	၁၀
၃။	အနာစီမန်းဒါး	၁၄
၄။	အနာဗိမီးနီး	၁၉
၅။	ပိုင်သရိုရပ်	၂၂
၆။	အင်ပီရိကလီး	၂၈
၇။	ဟေရာကလိုက်တပ်	၃၄
၈။	စတိုးရစ်ဝါဒ	၃၉
၉။	ဇီနို	၄၄
၁၀။	ဆီနီကာ	၄၉
၁၁။	စီဇာရို	၅၄
၁၂။	မားကပ်အော်ရီလီးရပ်	၅၉
၁၃။	အက်ပီစီတေးတပ်	၆၃
၁၄။	ဆိုဖစ်များ	၆၈
၁၅။	ပါမင်းနီးတီး	၇၃
၁၆။	ပရိတာဂိုးရပ်	၇၉
၁၇။	ဂေါ်ဂီယာ	၈၄
၁၈။	ဒီမိုကရေတပ်	၈၈
၁၉။	အနာစာရိရပ်	၉၃
၂၀။	အက်ပီကျူးရပ်	၉၈
၂၁။	သံသယပါဒီ	၁၀၄
၂၂။	ဒိုင်အိုဂျီနီး	၁၁၀
၂၃။	ပိုင်ရှိ	၁၁၆
၂၄။	ပိုင်ရှိနောက်ဆက်	၁၂၄
၂၅။	ဆက်တပ်အင်ပါရီနကပ်	၁၂၆
၂၆။	ဆိုကရေးတီးမတိုင်မီခေတ်က ဗီလိုဆိုဖာများ	၁၃၂
၂၇။	ဆိုကရေးတီး	၁၄၄
၂၈။	ပလေတို	၁၆၃
၂၉။	အရွယ်တိုတယ်	၁၆၉
၃၀။	ဟေလင်းနစ်ခေတ် ခေတ်ပြိုင်ကျောင်းများ	၁၇၅
၃၁။	ပလိုတီးနပ်	၁၇၈
၃၂။	နီဂုံး	၁၈၃
၃၃။	နာမည်အညွှန်း	၁၉၀

■